# "မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်"

## (အဆိုပြုတင်ပြချက်)

(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ကြွရောက်လာကြသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင် တိုင်းရင်းဆေး သမားတော်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ညီလာခံကိုယ်စားလှယ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်ကြီးများ၊ ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါ ရဝပြုအပ်ပါတယ်။

ကျွန်တော်/ကျွန်မကတော့ ------------------- တိုင်းဒေသကြီး/ ပြည်နယ် -------------------မြို့နယ်ကမြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကိုယ်စားလှယ်ဦး/ဒေါ် ------------------- ဖြစ်ပါတယ်။

ကျွန်တော်/ကျွန်မအနေနဲ့ "မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ရန်" ဆိုတဲ့ အဆိုပြုချက်ကိုတင်သွင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောသဘာပတိကြီးနှင့် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား/ ရှင့်

ပြည်တွင်း၌ ထုတ်လုပ်ရောင်းချလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးဝါးများဟာ တစ်နိုင်တစ်ပိုင် အဆင့်မှစ၍GMP အဆင့်မီစက်ရုံများအထိ ထုတ်လုပ်လျက် ရှိနေတာကိုတွေ့ရပါတယ်။

- တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများဖွံ့ဖြိုးတိုးတက်လာစေရန်၊

- အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးကိုအများပြည်သူတို့ သုံးစွဲနိုင်ရန်၊

- တိုင်းရင်းဆေးဝါးကိုစနစ်တကျ မှတ်ပုံတင်ထားရှိရန်၊

- တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကိုစနစ်တကျ ကြီးကြပ်ကွပ်ကဲရန် စသော ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးဝါးဥပဒေကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါပြီးဖြစ်ပါတယ်။ အထက်ပါအချက်များ အကောင်အထည်ပေါ်ပေါက်နိုင်ရန်အတွက် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ကဏ္ဍာရပ်ကြီးသည်လည်း ဖြောင့်ဖြူးချောမွေ့သော လုပ်ငန်းစဉ်များ ဖြစ်ရန် စီမံထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းရင်းဆေးဝါးဥပဒေပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဝန်ကြီးဌာနမှ လိုအပ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပြီး အန္တရာယ်ကင်း၍ အရည်အသွေးနှင့် အာနိသင်ပြည့်ဝ သောတိုင်းရင်းဆေးဝါး

များကို ပြည်သူလူထုအတွင်းအသုံးပြုနိုင်စေရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီအသီးသီးနှင့် ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းရင်းဆေးဝါးများကိုဈေးကွက်တွင် ထုတ်လုပ်ရောင်းချဖို့အတွက် စနစ်တကျ မှတ်ပုံတင်ကို စစ်ဆေးခွင့်ပြုခြင်းနှင့် ထုတ်လုပ်ခွင့်လိုင်စင်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ် ရှင်/ခင်ဗျား။

ထို့အပြင် ဈေးကွက်တွင်ရောင်းချလျက်ရှိသည့် တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ထားခြင်း ရှိ/မရှိနှင့် မှတ်ပုံတင်လျှောက်ထားစဉ်နှင့်မတူညီသော စံမညီတိုင်းရင်းဆေးဝါးများကိုဈေးကွက် စစ်တမ်းကောက်ယူ၍ စိစစ်ပေးလျက်ရှိပါတယ် ရှင်/ခင်ဗျား။

မှတ်ပုံတင်ထားရှိခြင်းမရှိသောတိုင်းရင်းဆေးဝါးများ၊ အနောက်တိုင်းဆေးဝါးရောနှော ပါဝင်လျက်ရှိသော တိုင်းရင်းဆေးဝါးများကိုလည်း အများပြည်သူသိရှိစေရန် သတင်းစာများတွင် ကြေငြာပေးလျက်ရှိပါတယ်။

ပြည်ပသို့တင်ပို့လိုသည့် မှတ်ပုံတင်ခွင့်ပြုထားသည့် တိုင်းရင်းဆေးဝါးများကိုလည်း စိစစ်၍ Certificate of free sale ထုတ်ေပးခြင်း၊ ကုန်ကြမ်း တင်ပို့လိုသူများအား စိစစ်၍ ထောက်ခံချက် ထုတ်ပေးများ ဆောင်ရွက်ပေးသကဲ့သို့ ပြည်ပမှ တင်သွင်းသည့် ပရဆေးကုန်ကြမ်းများအားလည်း မှန်ကန်မှုရှိ/မရှိ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

လက်ရှိအခြေအနေမှာတော့ ကုန်ကြမ်းများကိုနိုင်ငံခြားသို့တင်ပို့ခြင်းထက် နိုင်ငံခြားမှ တင်သွင်းခြင်း ပို၍များပြားလျက်ရှိနေပါတယ်။ ထို့ကြောင့် နိုင်ငံတော်အတွက်နိုင်ငံခြားငွေ ထွက်လမ်းနည်းပါးစေရန် မိမိတို့အများဆုံး အသုံးပြုကြသောပရဆေးကုန်ကြမ်းများအားတစ်နိုင်တစ်ပိုင်မှ အမြောက်အများစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါတယ်။ တိုင်းရင်းဆေး ပညာဦးစီးဌာနဟာ မိမိတို့နိုင်ငံမှ တိုင်းရင်းဆေးဝါးများနဲ့ ပရဆေး ကုန်ကြမ်းများကိုနိုင်ငံခြားသို့တင်ပို့နိုင်ရန် လိုအပ်သည် များကို ဆောင်ရွက်ပေးထားပါတယ်။ ထို့အတူ နိုင်ငံခြားမှ တင်သွင်းလာသည့် ကုန်ကြမ်းများကိုလည်း အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းများ ဖြစ်စေရေးအတွက်လည်းကောင်း၊ တင်သွင်းမှု မှန်ကန်/မြန်ဆန်ရေး အတွက် လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ပူးပေါင်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့လည်းနိုင်ငံခြားမှ တင်သွင်းလာမည့် တိုင်းရင်းဆေးဝါး များကိုလည်းပြည်တွင်းဈေးကွက်မှာ ရောင်းချစေနိုင်ဖို့ရာ လက်ခံဆောင်ရွက်နိုင်ဖို့ လက်ရှိပြဋ္ဌာန်း ထားသောတိုင်းရင်းဆေးဝါးဥပဒေအား ပြင်ဆင်ရေးဆွဲရန်ဆောင်ရွက်လျက်ရှိနေပါတယ်။

တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာတွင် အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင် ပြည့်ဝစေရန်အတွက် ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်ဖြင့် ထုတ်လုပ်နိုင်ရေးသည်လည်း အရေးကြီး ပါတယ်။ သို့မှသာ

မြန်မာ့တိုင်းရင်းဆေးဝါးတွေကို ပြည်တွင်းမှာသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချ နိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့်-

အာဆီယံစီးပွားရေးအသိုက်အဝန်းASEAN Economic Community(AEC) မှာ၊ တိုင်းရင်းဆေးနှင့်ကျန်းမာရေး ဖြည့်စွက်စာများနှင့် ပတ်သက်၍ "တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေး ဖြည့်စွက်စာဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့" (Traditional Medicines and Health Supplements Product Working Group -TMHS PWG) ကိုဖွဲ့စည်းပြီး "အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာနှင့် ပတ်သက်သော နည်းပညာ ဆိုင်ရာကော်မတီ" ASEAN TMHS Scientific Committee - ATSC) မှ"အာဆီယံစံနှုန်းများနှင့်အရည်အသွေးဆိုင်ရာအတိုင်ပင်ခံ ကော်မတီ" (Consultative Committee on Standards and Quality - ACCSQ) သို့ အစီရင်ခံဆောင်ရွက်လျက်ရှိရာ၌ TMHS PWG မှပြုစုသော လုပ်ထုံးလုပ်နည်းလုပ်ငန်းလမ်းညွှန် (Guide Line) (၉) ခုအား အဖွဲ့ဝင်နိုင်ငံများမှ စုပေါင်းရေးဆွဲခြင်းနှင့် သင်တန်းပေးခြင်းများ ဆောင်ရွက် လျက် ရှိပါတယ်။

တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် လုပ်ထုံးလုပ်နည်းလုပ်ငန်းလမ်းညွှန် (ASEAN Guidelines on Good Manufacturing Practice for Traditional Medicines and Health Supplements)အားအပိုင်းအလိုက် သင်တန်းပေးရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှပါဝင် တက်ရောက်ခဲ့ပါတယ်။ အဆိုပါ

သင်တန်းများမှ ပို့ချချက်များမှ အပိုင်း (၃) သည်၊ မိမိတို့နိုင်ငံအတွင်းရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးများအား အသိပညာများ ပြန်လည်မျှဝေပို့ချပေးရန် ဖြစ်ခြင်းကြောင့် ဦးစီးဌာနအနေဖြင့်၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၌ သင်တန်းစတင်ပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။

ဒီလိုသင်တန်းကျင်းပပေးနိုင်ခဲ့တဲ့အတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေနဲ့အာနိသင်ရှိ ပြီးအစွမ်းထက်တဲ့တိုင်းရင်းဆေးဝါးများကို တိုင်းရင်းဆေးဝါးများကိုစနစ်တကျ ထုတ်လုပ်နိုင်မှာ ဖြစ်သလိုအာဆီယံ တိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်အစာဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကလည်း မြန်မာနိုင်ငံ၏တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်များ သိရှိသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့လည်း အဆိုပါသင်တန်းများအား အကျိုးရှိစွာစဉ်ဆက်မပြတ်ဆက်လက် ဆောင်ရွက်နိုင်ရေးကို တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားဖို့ အဆိုပြု လိုပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား/ ရှင့်**

<u>မြန်မာနိုင်ငံသည် ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ</u>-

အာဆီယံနိုင်ငံများအတွင်း တိုင်းရင်းဆေးဝါးနှင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ချမှတ်ထားသောလိုက်နာရန်သတ်မှတ်ချက်(နည်းဗျူဟာ)များရှိပါတယ်။ အဲ့ဒါတွေကတော့-

- ဒေသအလိုက်တိုင်းရင်းဆေးများကိုနိုင်ငံအတွင်းနှင့် အခြားသော ဒေသများ၌ အသုံးပြုရာတွင်အန္တရာယ်ကင်းရှင်းမှု၊ အာနိသင် အစွမ်းထက်မြက်မှု၊ အရည်အသွေး စိတ်ချရမှုတို့အား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လွယ်ကူချောမောစေရန်တို့အားအကူအညီပေးရန်၊
- တိုင်းရင်းဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု၊ အာနိသင် အစွမ်းထက်မြက်မှု အရည်အသွေး စိတ်ချရမှုတို့အပေါ် သုတေသန ပြုလုပ်ရာမှ ရရှိလာသော ရလဒ်သတင်းအချက်အလက်များ အချင်းချင်းဖလှယ်ရာတွင် လွယ်ကူချောမောစေရန်အကူအညီပေးခြင်းတို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား/ ရှင့်**

ဒါ့အပြင် မြန်မာနိုင်ငံဟာမဲခေါင်မြစ်ဝှမ်းဒေသ(၆)နိုင်ငံဖြစ်ကြတဲ့ မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ဗီယက်နမ် တို့တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အခြားသောမဲခေါင်အဖွဲ့ဝင် နိုင်ငံများနှင့်ပူးပေါင်းကာ တိုင်းရင်းဆေးနှင့်ဆက်စပ်ပစ္စည်းများကို ပြပွဲများကျင်းပခြင်းနှင့် မဲခေါင်ဒေသတိုင်းရင်းဆေးအစည်းအဝေးများကို ၂နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာပြီးခဲ့သော ၂၀၁၇ နိဝင်ဘာလတွင်-

- မဲခေါင်ဒေသနိုင်ငံများရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အစွမ်းထက်သော တိုင်းရင်းဆေးဝါး၊ ကုထုံးနှင့်အတွေ့အကြုံများအား

အချင်းချင်းအပြန်အလှန် ဖလှယ်နိုင်ရေးအတွက် အထောက်အကူပြုစေရန်၊

- အစွမ်းထက်သော တိုင်းရင်းဆေးပစ္စည်းများနှင့် ကုထုံးများကို ဒေသတွင်းမှ တဆင့်နိုင်ငံတကာသို့တိုင် 'ပေါင်းကူး' ဆက်သွယ်၍ ဖြေရှင်းဆောင်ရွက်ရန်၊
- မဲခေါင်နိုင်ငံများအတွင်းချစ်ကြည်ရင်းနှီး၍ တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိထိရောက်ရောက်စောင့် ရှောက်မှု ပေးနိုင်စေရန်တို့ အားရည်ရွယ်၍မြန်မာနိုင်ငံမှ (၈)ကြိမ်မြောက် မဲခေါင်အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ်ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်ခဲ့ပါတယ်။

အဆိုပါအစည်းအဝေးတွင်-

- မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံအတွင်းရှိနိုင်ငံများအတွင်းတိုင်းရင်းဆေးအခြေခံ၍ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊
- ရိုးရာကုထုံးများအားဖော်ထုတ်၍ ၎င်းကုထုံးများအားပျောက်ကွယ်မသွားရန်အတွက် ထိန်းသိမ်းရေး၊
- တိုင်းရင်းဆေးနှင့်ဆေးပစ္စည်း ထွက်ကုန်များ ကုထုံးအတွေ့အကြုံများဖလှယ်ရေး၊ (၂၀၁၅)ခုနှစ်၌ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော သတ္တမအကြိမ်အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အပေါ်ဆောင်ရွက်ပြီးစီးမှုနှင့်တိုးတက်မှုအခြေအနေများ၊ မူဝါဒများ၊

သုတေသနဆောင်ရွက်မှုများမှ ထွက်ပေါ်လာသောအဖြေများအပေါ် တစ်နိုင်ငံနှင့် တစ်နိုင်ငံအမြင်ချင်းဖလှယ်ကာ ညှိနှိုင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါတယ်။

အဆိုပါအစည်းအဝေးနှင့်တပြိုင်နက်တည်း ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ (၂၁)မှ (၂၄)ရက်နေ့အထိ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းပြပွဲကိုလည်း ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ပြသနိုင်ခဲ့ခြင်းကြောင့် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးဝါးများတိုးတက်မှုနှင့် ပတ်သက်၍ အပြန်အလှန်လေ့လာညှိနှိုင်းဆောင်ရွက်ခွင့်ကိုရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံသည် တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအစည်းအဝေးများအား အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ လက်ခံကျင်းပပေးခဲ့ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား/ ရှင့်**

နိုင်ငံတကာတွင် တိုင်းရင်းဆေးဝါးနှင့်တိုင်းရင်းဆေးပညာရပ်များ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် လိုက်နာဆောင်ရွက်ရန် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နေသကဲ့သို့ မိမိတို့နိုင်ငံအတွင်းတွင်လည်း တိုင်းရင်းဆေးဝါးဥပဒေအမိန့်ကြော်ငြာစာများနှင့်အညီတိုင်းရင်းဆေးဝါးနှင့် တိုင်းရင်း ဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနယ်ပယ်မှ တိုင်းရင်းဆေးပစ္စည်း ကုန်ကြမ်း

ရောင်းချသူများ အပါအဝင်စသည့် .နှီးနွယ်သူများအားလုံး စုပေါင်းညီညာစွာ ဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

အရည်အသွေးထိန်းချုပ်မှု (QC) ဟာကုန်ပစ္စည်းများအားလုံးအတွက် အရေးကြီးပါတယ်။ ဆေးဝါးများအတွက်ပိုမိုအရေးကြီးပါတယ်။ ဆေးဝါးများကို သုံးစွဲရသည့်ရည်ရွယ်ချက်မှာ ကျန်းမာရေး ပိုမိုကောင်းမွန်စေရန်၊ ရောဂါကာကွယ်ရန်နှင့်နာမကျန်းစဉ် အသုံးပြုသောက်သုံးရခြင်းဖြစ်တဲ့အတွက် အရည်အသွေး ထိန်းချုပ်မှုဟာပိုမိုအရေးကြီးပါသောကြောင့် ဆေးဝါး ကုန်ကြမ်းမှစ၍ ကုန်ချောဖြစ်သည် အထိစံမီအရည်အသွေးထိန်းချုပ်မှုများ ရှိရန်လိုအပ်ပါတယ်။ ၎င်းကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအားနည်းနေသောနိုင်ငံဖြစ်သည့် အားလျော်စွာ တိုင်းရင်းဆေးဝါး ထုတ်လုပ်သော လုပ်ငန်းအများစုသည်လည်း နည်းပညာပိုင်းဆိုင်ရာနှင့် အားနည်းမှုများ၊ လိုအပ်ချက်များ ရှိနေပါတယ်။ ဒါကိုလည်းပံ့ပိုးပေးဘို့လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်း ဆေးဝါးထုတ်လုပ်မှုအတွက် Good Manufacturing Practice Training (ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်သင်တန်း) Quality Control Training (အရည်အသွေး ထိန်းချုပ်မှုဆိုင်ရာ သင်တန်း) တွေအပြင် Stability and Shelf-life Study (တိုင်းရင်းဆေးဝါးများ၏ တည်မြဲမှုနှင့် သက်တမ်း စစ်ဆေးခြင်း) သင်တန်းတွေကိုပြည်တွင်းရှိတိုင်းရင်းဆေးဝါးထုတ်လုပ်သူများအား အခါအားလျော်စွာ ပို့ချပေးသင့်ပါတယ်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေဖြင့်လည်းမိမိတို့ ထုတ်လုပ်သော ဆေးဝါးများကို မိမိတို့ကိုယ်တိုင်အာမခံချက်ပေးနိုင်ရမှာ ဖြစ်ပါတယ်။ မိမိကိုယ်တိုင်၊ မိသားစု၊ မိမိတို့ဆွေမျိုးများကို တိုက်ကျွေးနိုင်သည်အထိ ဆေးဝါးအသုံးပြုသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီးအာနိသင် ထက်မြက်ကာ အရည်အသွေးပြည့်ဝသောဆေးဝါးများကိုထုတ်လုပ်နိုင်ရန် လိုအပ်ပါတယ်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းမှာ ကုသိုလ်လည်းရဝမ်းလည်းဝဖြစ်ပါတယ်။ မမှန် မကန်ဆောင်ရွက်ပါကလည်း အကုသိုလ်များပါတယ်။ မှန်ကန်သောစေတနာကြီးမြတ်သောဆောင်ရွက် ချက်များဖြင့် ဆောင်ရွက်ပါက လောကီလောကုတ္တရာကောင်းကျိုးချမ်းသာရရှိခံစားနိုင်မည်ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် ပြည်သူများအကျိုးငှာ ကောင်းမွန်သော တိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရန် လိုက်နာရမည့် သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက် လျက်ရှိပါတယ်။ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရန် အလွန်လိုအပ်ပါတယ်။ အတူတကွ ပူးပေါင်းဆောင်ရွက်မှသာ မြန်မာ့ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကဏ္ဍတိုးတက် ကောင်းမွန်လာပြီး ပြည်သူလူထုအတွက် အန္တရာယ်ကင်းပြီးအာနိသင်ရှိသည့် တိုင်းရင်းဆေးဝါးများ ထွက်ပေါ်လာနိုင်မည့်အပြင် တိုင်းရင်းဆေးပညာရပ်လည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

မည်သည့် ထုတ်လုပ်ရေးကဏ္ဍတွင်မဆို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ဓနအင်အားသည်လည်း အလွန်အရေးပါသော နေရာတွင်

တည်ရှိနေပါတယ်။ ထို့ကြောင့် မြန်မာ့ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးများ အတွက် ပြည်တွင်းပြည်ပ မှငွေကြေးရင်းနှီးမြှုပ်နှံမှု အထောက်အပံ့များ ရရှိစေရန်အတွက် နိုင်ငံတော်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပိုမိုကောင်းမွန် ထိရောက်သော ကူညီပံ့ပိုးမှုများ ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးဘို့ အဆိုပြုချင်ပါတယ်။

ဤအဆိုပြုချက် အောင်မြင်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု နယ်ပယ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ အားပေးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါတယ်။တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ အနေဖြင့်လည်း နိုင်ငံတော်မှ ပံ့ပိုးကူညီမှုများ ရရှိပါက စံနစ်တကျနဲ့ မိမိတို့ရဲ့ လုပ်ငန်းကို အမှန်တကယ် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ထို့အတူ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ အချင်းချင်းသည်လည်း ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို အပြန်အလှန် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးသင့်ပါတယ်။ (ဥပမာ - GMP / ISO အတွေ့အကြုံများ)

သို့ဖြစ်ပါ၍ **“မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ရန်”** ဆိုတဲ့အဆိုကိုလေးလေးနက်နက်တင်သွင်းအပ်ပါ တယ် ခင်ဗျာ/ ရှင့်။